**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာအမှတ်၊ ၃၂ / ၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်**
**( ၂၀၁၈ ခုနှစ်၊ ဇွန်လ ၈ ရက် )**

## ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၊ နော်ဝေ၊ ဆွစ်ဇာလန်နှင့် တူရကီနိုင်ငံ တို့၏ Generalized System of Preferences (GSP) အစီအစဉ်အရ ပို့ကုန်တင်ပို့သူမှတ်ပုံတင်စနစ် ( Registered Exporter System ) ကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းကမ်းများ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ နော်ဝေ၊ ဆွစ်ဇာလန်နှင့် တူရကီနိုင်ငံ တို့က ပေးအပ်သော တစ်ဖက်သတ် အကောက်ခွန်သက်သာခွင့် အစီအစဉ်ဖြစ်သည့် Generalized System of Preferences (GSP) အစီအစဉ်အရ ပို့ကုန်တင်ပို့သူမှတ်ပုံတင်စနစ် (Registered Exporter System) ကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းကမ်းများကို ထုတ်ပြန်လိုက်သည်။

### အခန်း ( ၁ )
### မှတ်ပုံတင်ပို့ကုန်တင်ပို့သူ ( Registered Exporter ) အဖြစ် လျှောက်ထားခြင်း

၁။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ နော်ဝေ၊ ဆွစ်ဇာလန်နှင့်တူရကီနိုင်ငံတို့က တစ်ဖက်သတ် အကောက်ခွန်သက်သာခွင့်ပေးသော အစီအစဉ်ဖြစ်သည့် Generalized System of Preferences (GSP) အစီအစဉ်အရ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ နော်ဝေ၊ ဆွစ်ဇာလန်နှင့် တူရကီနိုင်ငံ တို့သို့ တင်ပို့သော ပို့ကုန်များ အကောက်ခွန်သက်သာခွင့်ခံစားနိုင်ရေးအတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် မှတ်ပုံတင်ပို့ကုန်တင်ပို့သူ ( Registered Exporter ) ခွင့်ပြုချက် လျှောက်ထားနိုင်သည် -

(က) တည်ဆဲဥပဒေတစ်ခုခုနှင့် ငြိစွန်းခြင်းမရှိဘဲ နောက်ကြောင်းကင်းရှင်း၍ ကောင်းမွန်သော မှတ်တမ်းရှိသူဖြစ်ခြင်း၊

( ခ ) ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ နော်ဝေ၊ ဆွစ်ဇာလန်နှင့် တူရကီနိုင်ငံ တို့သို့ တင်ပို့သော ကုန်စည်များအတွက် GSP အစီအစဉ်အရ အကောက်ခွန် သက်သာခွင့်ကို အသုံးပြုသူဖြစ်ခြင်း၊

( ဂ ) ပင်ရင်းနိုင်ငံစည်းမျဉ်း ( Rules of Origin – ROO ) ဘာသာရပ်ကို နားလည်တတ်ကျွမ်းသူဖြစ်ခြင်း၊

(ဃ) သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာနိုင်သူ ဖြစ်ခြင်း၊

(င) ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာချက်အတွက် အလုံးစုံ တာဝန်ယူနိုင်သူ ဖြစ်ခြင်း။

၂။ မှတ်ပုံတင်ပို့ကုန်တင်ပို့သူ ခွင့်ပြုချက် လျှောက်ထားသူသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနသို့ မှတ်ပုံတင်ပို့ကုန်တင်ပို့သူခွင့်ပြုချက် ထုတ်ပေးပါရန် ကုမ္ပဏီ Letter Head ပါရှိသောလျှောက်လွှာ (ပုံစံ-၁) နှင့်အတူ အောက်ပါစာရွက်စာတမ်းများ တင်ပြ၍ လျှောက်ထားရမည် -

(က) အင်္ဂလိပ်ဘာသာဖြင့် ဖြည့်စွက်ထားသော ပုံစံ (၂) ပါ မှတ်ပုံတင်ပို့ကုန်တင်ပို့သူ ခွင့်ပြုချက် လျှောက်လွှာ၊

(ခ) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ခွင့်ပြုထုတ်ပေးသော ကုမ္ပဏီ၏ အမည်၊ ကုမ္ပဏီမှတ်ပုံတင်နံပါတ်နှင့် နေရပ်လိပ်စာပါရှိသော ကုမ္ပဏီ မှတ်ပုံတင်လက်မှတ် မိတ္တူ၊

(ဂ) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် လက်မှတ်မိတ္တူနှင့် ကုမ္ပဏီ၏ ဒါရိုက်တာအမည်စာရင်း ( Form-XXVI ) မိတ္တူ၊

(ဃ) သတ်မှတ်သော စည်းကမ်းချက်များကို လိုက်နာမည် ဖြစ်ကြောင်း ( ပုံစံ-၃ ) ပါ ဝန်ခံချက်။

## အခန်း (၂)

## မှတ်ပုံတင်ပို့ကုန်တင်ပို့သူ ခွင့်ပြုချက်ထုတ်ပေးခြင်း

၃။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနသည် အခန်း ၁ ၏ အပိုဒ် ၁ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး၊ အပိုဒ် ၂ ပါ အချက်အလက် စာရွက်စာတမ်းများဖြင့် ပြည့်စုံစွာလျှောက်ထားလာသော ကုမ္ပဏီမှ ကုမ္ပဏီ၏ ဒါရိုက်တာအမည်စာရင်း (Form-XXVI) ပါ ပုဂ္ဂိုလ်များကို မှတ်ပုံတင်ပို့ကုန်တင်ပို့သူ (Registered Exporter) အဖြစ် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက်ပေးမည်ဖြစ်ပြီး၊ မှတ်ပုံတင်ကြေးကင်းလွတ်ခွင့်ပြုမည် ဖြစ်သည်။

၄။ မှတ်ပုံတင်ပို့ကုန်တင်ပို့သူ၏ သက်တမ်းကာလမှာ ခွင့်ပြုသည့်နေ့မှစ၍ ( ၂ ) နှစ်သတ်မှတ်သည်။ ခွင့်ပြုချက်သက်တမ်း မကုန်ဆုံးမီ (၃) လကြိုတင်၍ အခန်း ၁ ၏ အပိုဒ် ၂ ပါစာရွက်စာတမ်းများကို ပြည့်စုံစွာ တင်ပြလျှောက်ထားပြီး ( ၂ ) နှစ် သက်တမ်းတိုး ပြန်လည်လျှောက်ထားနိုင်သည်။

၅။ မှတ်ပုံတင်ပို့ကုန်တင်ပို့သူခွင့်ပြုချက်ပျောက်ဆုံး၊ ပျက်စီးပါက အခန်း ၁ ၏ အပိုဒ် ၂ ပါ အချက်အလက် စာရွက်စာတမ်းများနှင့်အတူ မိတ္တူမှန် ပြန်လည်လျှောက်ထားရယူနိုင်သည်။

## အခန်း(၃)

## ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာခြင်း

၆။ မှတ်ပုံတင်ပို့ကုန်တင်ပို့သူခွင့်ပြုချက် ရရှိပြီးသော ကုမ္ပဏီ၏ ဒါရိုက်တာအမည်စာရင်း (Form-XXVI) ပါပုဂ္ဂိုလ်များသည် သတ်မှတ်ထားသော အရောင်းအဝယ်ဆိုင်ရာစာရွက်စာတမ်း တစ်ခုခုတွင် မှတ်ပုံတင်ပို့ကုန်တင်ပို့သူမှတ်ပုံတင်နံပါတ်ကို ဖော်ပြ၍ ပင်ရင်းထုတ်ကုန် ဖြစ်ကြောင်း ကြေညာခြင်းဖြင့် အကောက်ခွန်သက်သာခွင့် ခံစားနိုင်သည်။

၇။ မှတ်ပုံတင်ပို့ကုန်တင်ပို့သူသည် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာသည့် သက်ဆိုင်ရာ စာရွက်စာတမ်းများကို အနည်းဆုံးသုံးနှစ်အထိ လက်ဝယ်သိမ်းဆည်းထားရှိရမည်။

၈။ မှတ်ပုံတင်ပို့ကုန်တင်ပို့သူသည် အရောင်းအဝယ်ဆိုင်ရာ စာရွက်စာတမ်းတစ်ခုခုပေါ်တွင် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာခဲ့သည့် အချက်အလက်များနှင့် စာရင်းဇယားများကို စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနက သတ်မှတ်ထားသော ပုံစံ (၄) တွင် ဖြည့်စွက်၍ ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာခဲ့သော အရောင်းအဝယ်ဆိုင်ရာ စာရွက်စာတမ်းမိတ္တူနှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနသို့ လစဉ်ပထမအပတ် အတွင်း မပျက်မကွက် ပြုစုပေးပို့ရမည်။

၉။ မှတ်ပုံတင်ပို့ကုန်တင်ပို့သူက လက်မှတ်ရေးထိုး ကြေညာထားသော အရောင်းအဝယ် ဆိုင်ရာ စာရွက်စာတမ်းပါ ဖော်ပြချက်များနှင့်စပ်လျဉ်း၍ မှန်ကန်မှုမရှိကြောင်း အကျိုးအကြောင်း ဆီလျော်သော သံသယရှိလျှင် သက်ဆိုင်ရာအာဏာပိုင်များက နောက်ကြောင်းပြန် စစ်ဆေးခွင့် ရှိသည်။ သက်ဆိုင်ရာအာဏာပိုင်များက ကုမ္ပဏီများ၊ စက်ရုံ၊ အလုပ်ရုံများသို့ အခါအားလျော်စွာ လာရောက်လေ့လာစစ်ဆေးမှုကို မှတ်ပုံတင်ပို့ကုန်တင်ပို့သူက ပူးပေါင်းကူညီရမည်။

## အခန်း(၄)

## အထွေထွေ

၁၀။ မှတ်ပုံတင်ပို့ကုန်တင်ပို့သူသည် ခွင့်ပြုချက်ရရှိပြီးနောက် ခွင့်ပြုချက် လျှောက်ထားစဉ်က လျှောက်လွှာတွင် ဖြည့်စွက်ခဲ့သော အချက်အလက်များသည် အပြောင်းအလဲရှိပါက ကုန်သွယ်ရေး ဦးစီးဌာနထံသို့ ချက်ချင်း အသိပေးအကြောင်းကြားရမည်။

၁၁။ မှတ်ပုံတင်ပို့ကုန်တင်ပို့သူ၏ ကုမ္ပဏီကို ဖျက်သိမ်းခြင်း၊ တင်ပို့သော ပို့ကုန်များသည် အစီအစဉ်အရ သတ်မှတ်ချက်များနှင့်ကိုက်ညီမှု မရှိတော့ခြင်း၊ ပို့ကုန်များဆက်လက်တင်ပို့မှု မရှိတော့ခြင်း စသည့် အခြေအနေတစ်ရပ်ရပ်တွင် မှတ်ပုံတင်ပို့ကုန်တင်ပို့သူသည် ခိုင်လုံသော အကြောင်းပြချက်ဖြင့် မှတ်ပုံတင်ပို့ကုန်တင်ပို့သူအဖြစ်မှ ပယ်ဖျက်ပေးပါရန် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနသို့ စာဖြင့်ရေးသားလျှောက်ထားနိုင်သည်။

၁၂။ မှတ်ပုံတင်ပို့ကုန်တင်ပို့သူက မှတ်ပုံတင်ပို့ကုန်တင်ပို့သူခွင့်ပြုချက်ပါ စည်းကမ်းချက်များဖြစ်သည့် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာရာတွင် မမှန်မကန် အချက်အလက်များ ဖော်ပြကြေညာခြင်း၊ ပင်ရင်းထုတ်ကုန်လိမ်လည်ကြေညာခြင်းနှင့် အပ်နှင်းထားသောအခွင့်အာဏာကို အလွဲသုံးစားပြုလုပ်ခြင်းတို့ကို တစ်နည်းနည်းဖြင့် တွေ့ရှိရလျှင် ဝန်ကြီးဌာနသည် မှတ်ပုံတင်ပို့ကုန်တင်ပို့သူခွင့်ပြုချက်ကို မည်သည့်အချိန်တွင်မဆို ရုပ်သိမ်းနိုင်သည့်အပြင် ပို့ကုန်သွင်းကုန် ဥပဒေအရ အရေးယူခြင်းခံရမည်။

(ပုံ)
ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ စက - ၁၁ / ၂ - ၁၈ / ၂၀၁၈ ( ၁ )
ရက် စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၈ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအားလုံး
အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

| | | |
|---|---|---|
| ညွှန်ကြားရေးမှူးချုပ် | } | မြန်မာနိုင်ငံပြန်တမ်းတွင် |
| ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | | ထည့်သွင်းကြေညာပေးပါရန် |

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ် ( ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

အမိန့်အရ

တိုးအောင်မြင့်
အမြဲတမ်းအတွင်းဝန်

ပုံစံ-၁

Company Letter Head

၂၀၁၈ ခုနှစ်၊ လ ( ) ရက်

သို့

ညွှန်ကြားရေးမှူးချုပ်

ကုန်သွယ်ရေးဦးစီးဌာန

နေပြည်တော်

အကြောင်းအရာ။ **GSPအစီအစဉ်အရ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ နော်ဝေ၊ ဆွစ်ဇာလန်နှင့် တူရကီနိုင်ငံတို့သို့ တင်ပို့သော ပို့ကုန်များ အကောက်ခွန်သက်သာခွင့်ခံစားနိုင်ရေးအတွက် မှတ်ပုံတင်ပို့ကုန်တင်ပို့သူ ခွင့်ပြုချက်လျှောက်ထားခြင်းကိစ္စ**

ကျွန်တော်/ ကျွန်မတို့၏ (ကုမ္ပဏီအမည်) သည် တစ်ဖက်သတ် အကောက်ခွန်သက်သာခွင့်ပေးသော အစီအစဉ် ဖြစ်သည့် Generalized System of Preferences (GSP) အစီအစဉ်အရ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ နော်ဝေ၊ ဆွစ်ဇာလန်နှင့်တူရကီနိုင်ငံတို့သို့ တင်ပို့သော မြန်မာ့ပင်ရင်းထုတ်ကုန်ပို့ကုန်များ အကောက်ခွန်သက်သာခွင့်ခံစားနိုင်ရေးအတွက် မှတ်ပုံတင်ပို့ကုန်တင်ပို့သူခွင့်ပြုချက်ထုတ်ပေးနိုင်ပါရန် လိုအပ်သောစာရွက်စာတမ်းများတင်ပြ၍ လေးစားစွာဖြင့် လျှောက်ထားအပ်ပါသည်။

လက်မှတ် -

အမည် -

ရာထူး -

ကုမ္ပဏီအမည် -

THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF COMMERCE
DEPARTMENT OF TRADE

REGISTERED EXPORTER

1. Exporter's name, full address and country, EORI or TIN (2).

2. Contact details including telephone and fax number as well as e-mail address where available.

3. Specify whether the main activity is producing or trading.

4. Indicative description of goods which qualify for preferential treatment, including indicative list of Harmonised System headings (or chapters where goods traded fall within more than twenty Harmonised System headings).

5. Undertakings to be given by an exporter

The undersigned hereby:

- declares that the above details are correct,
- certifies that no previous registration has been revoked; conversely, certifies that the situation which led to any such revocation has been remedied,
- undertakes to make out statements on origin only for goods which qualify for preferential treatment and comply with the origin rules specified for those goods in the Generalised System of Preferences,
- undertakes to maintain appropriate commercial accounting records for production/ supply of goods qualifying for preferential treatment and to keep them for at least 3 years from the end of the calendar year in which the statement on origin was made out,
- undertakes to immediately notify the competent authority of changes as they arise to his registration data since acquiring the number of registered exporter,
- undertakes to cooperate with the competent authority,
- undertakes to accept any checks on the accuracy of his statements on origin, including verification of accounting records and visits to his premises by the European Commission or Member States' authorities, as well as the authorities of Norway, Switzerland and Turkey (applicable only to exporters in beneficiary countries),

- undertakes to request his removal from the system, should he no longer meet the conditions for exporting any goods under the scheme,
- undertakes to request his removal from the system, should he no longer intend to export such goods under the scheme.

________________________________________

Place, date, signature of authorised signatory, name and job title

6. Prior specific and informed consent of exporter to the publication of his data on the public website

The undersigned is hereby informed that the information supplied in this declaration may be disclosed to the public via the public website. The undersigned accepts the publication of this information via the public website. The undersigned may withdraw his consent to the publication of this information via the public website by sending a request to the competent authorities responsible for the registration.

________________________________________

Place, date, signature of authorised signatory, name and job title

7. Box for official use by competent authority

The applicant is registered under the following number:

Registration Number: ____________________________

Date of registration ____________________________

Date from which the registration is valid ____________________________

Signature and stamp ____________________________

Information notice

concerning the protection and processing of personal data incorporated in the system

1. Where the European Commission processes personal data contained in this application to become a registered exporter, Regulation (EC) No 45/2001 of the European Parliament and of the Council on the protection of individuals with regard to the processing of personal data by the Union institutions and bodies and on the free movement of such data will apply. Where the competent authorities of a beneficiary country or a third country implementing Directive 95/46/EC process personal data contained in this application to become a registered exporter, the relevant national provisions of the aforementioned Directive will apply.

2. Personal data in respect of the application to become a registered exporter are processed for the purpose of EU GSP rules of origin as defined in the relevant EU legislation. The said legislation providing for EU GSP rules of origin constitutes the legal basis for processing personal data in respect of the application to become a registered exporter.

3. The competent authority in a country where the application has been submitted is the controller with respect to processing of the data in the REX system.

   The list of competent authorities/customs departments is published on the website of the Commission.

4. Access to all data of this application is granted through a user ID/password to users in the Commission, the competent authorities of beneficiary countries and the customs authorities in the Member States, Norway Switzerland and Turkey.

5. The data of a revoked registration shall be kept by the competent authorities of the beneficiary country and the customs authorities of Member States in the REX system for 10 calendar years. This period shall run from the end of the year in which the revocation of a registration has taken place.

6. The data subject has a right of access to the data relating to him that will be processed through the REX system and, where appropriate, the right to rectify erase or block data in accordance with Regulation (EC) No 45/2001 or the national laws implementing Directive 95/46/EC. Any requests for right of access, rectification, erasure or blocking shall be submitted to and processed by the competent authorities of beneficiary countries and the customs authorities of Member States responsible for the registration, as appropriate. Where the registered exporter has submitted a request for the exercise of that right to the Commission, the Commission shall forward such requests to the competent authorities of the beneficiary country or the customs authorities of Member States concerned, respectively. If the registered exporter failed to obtain his rights from the controller of data, the registered exporter shall submit such request to the Commission acting as controller. The Commission shall have the right to rectify, erase or block the data.

7. Complaints can be addressed to the relevant national data protection authority. The contact details of the national data protection authorities are available on the web-site of the European Commission, Directorate-General for Justice:(http://ec.europa.eu/justice/data-protection/bodies/authorities/eu/index_en.htm#h2-1).
   Where the complaint concerns processing of data by the European Commission, it should be addressed to the European Data Protection Supervisor (EDPS) (http://www.edps.europa.eu/EDPSWEB/).

(1) The present application form is common to the GSP schemes of four entities: the Union (EU), Norway, Switzerland and Turkey ('the entities'). Please note, however, that respective GSP schemes of these entities may differ in terms of country and product coverage. Consequently, a given registration will only be effective for the purpose of exports under the GSP scheme(s) that consider(s) your country as a beneficiary country.

(2) The indication of EORI number is mandatory for EU exporters and re-consignors. For exporters in beneficiary countries, Norway, Switzerland and Turkey, the indication of TIN is mandatory.

ပုံစံ-၃

Company Letter Head

၂၀၁၈ ခုနှစ်၊ လ ( ) ရက်

# ဝန်ခံချက်

၁။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ နော်ဝေ၊ ဆွစ်ဇာလန်နှင့်တူရကီနိုင်ငံတို့က တစ်ဖက်သတ် အကောက်ခွန်သက်သာခွင့်ပေးသော အစီအစဉ်ဖြစ်သည့် Generalized System of Preferences (GSP)အစီအစဉ်အရဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၊ နော်ဝေ၊ ဆွစ်ဇာလန်နှင့်တူရကီနိုင်ငံတို့သို့ တင်ပို့သော ပို့ကုန်များ အကောက်ခွန်သက်သာခွင့်ခံစားနိုင်ရေးအတွက် မှတ်ပုံတင်ပို့ကုန်တင်ပို့သူအဖြစ် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာရာတွင် ဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာပါမည်ဟု ဝန်ခံကတိပြုပါသည်။

၂။ မှတ်ပုံတင်ပို့ကုန်တင်ပို့သူက မှတ်ပုံတင် ပို့ကုန်တင်ပို့သူ ခွင့်ပြုချက်ပါ စည်းကမ်းချက်များဖြစ်သည့် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာရာတွင် မမှန်မကန်အချက်အလက်များ ဖော်ပြကြေညာခြင်း၊ ပင်ရင်းထုတ်ကုန် လိမ်လည်ကြေညာခြင်းနှင့် အပ်နှင်းထားသော အခွင့်အာဏာကို အလွဲသုံးစားပြုလုပ်ခြင်းတို့ကို တစ်နည်းနည်းဖြင့်တွေ့ရှိရလျှင် ဝန်ကြီးဌာနသည် မှတ်ပုံတင်ပို့ကုန် တင်ပို့သူခွင့်ပြုချက်ကို မည်သည့်အချိန်တွင်မဆို ရုပ်သိမ်းနိုင်သည့်အပြင် ပို့ကုန်သွင်းကုန်ဥပဒေအရ အရေးယူခြင်းခံရမည်ကို သိရှိပါကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ် -

အမည် -

ရာထူး -

ကုမ္ပဏီအမည် -

Data of Statement of Origin (Commercial Document)

| No. | Company | Name, REX Reg No., | Product Description | HS (6-digit) | Criteria | Destination | EL/ ED No. | Invoice No., | Port | Quantity | Value(USD) |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | |
| Grand Total | | | | | | | | | | | |